မွန်ပြည်နယ်တွင် ဆံပင်ဈေးကောင်းသောကြောင့် အမျိုးသမီးများ ဆံဖြတ်ရောင်းစားနေကြ

လွတ်လပ်သော မွန်သတင်းအေဂျင်စီ
ဩဂုတ်လ ၁၄ ရက်၊ ၂၀၀၃ ခုနှစ်။

ယနေ့ မွန်ပြည်နယ်တွင် ဆံပင်ဈေးသည် ခေတ်စားနေပြီး အမျိုးသမီးအများစုက ၄င်းအပေါ်တွင် စိတ်ဝင်စားကြကာ ဆင်းရဲသားအမျိုးသမီးများက မိမိတို့ဆံပင်ကို ဖြတ်တောက် ရောင်းစားနေကြပါသည်။

အရှည်တစ်တောင်ကျော်ရှိသည့် ဆံပင်ကို တစ်ပိဿာလျှင် ငွေကျပ်နှစ်သိန်းနှင့် ဆံပင်ဝယ်သူတို့က လိုက်လံဝယ်ယူနေခဲ့ပြီ ငွေလိုသည့် ဆင်းရဲသားအမျိုးသမီးများက မိမိတို့၏ဆံပင်ကိုဖြတ်တောက်ကာ ရောင်းစာနေကြပါသည်။

ဆံပင်ဝယ်သူတို့က ဆံပင်ရောင်းသူတို့၏ ဆံပင်ကို အလေးချိန်ရအောင် စိတ်ကြိုက်ဆီ လိမ်းခွင့်ပေးနေပြီး အိမ်တိုင်ရာရောက် လာရောက် ဝယ်ယူနေပါသည်။

ဆံပင်များကို ဆံပင်အတု လုပ်ကြောင်း၊ ဝယ်ယူထားသော ဆံပင်များကို ရန်ကုန်မြို့သို့ တင်ပို့ကြောင်း ဆံပင်ဝယ်သူတို့က ပြောပါသည်။ ဆံပင်များကို လက်ထပ်မင်္ဂလာပွဲ၊ အမျိုးသမီးများ အလှပြပြိုင်ပွဲနှင့် ဖက်ရှင်ရှိုးတို့မှာ ဆံထုံးလုပ်ပြီး အသုံးပြုကြောင်း သိရပါသည်။

ယခုကဲ့သို့ ဆံပင်ဈေး ကောင်းနေသောကြောင့် ဝင်ငွေလိုသည့် တချို့ ဆင်းရဲသော အမျိုးသမီးများသည် မိမိတို့၏ ကျွတ်ကျသွားသော ဆံပင်တစ်ချောင်း နှစ်ချောင်းကိုပင် စုစည်းပြီး ရောင်းစားနေခဲ့ပါသည်။

ယခုကဲ့သို့ ဆံပင်ရောင်းစားသည့်ခေတ်သည် ပြီးခဲ့သည့်နှစ်အနည်းငယ်ကတည်းက စတင်လာခဲ့ပြီး ဒီနှစ်တွင် မွန်ပြည်နယ်၏မြို့တော် မော်လမြိုင်မြို့တွင်သာမက တခြားမြို့များနှင့် ကျေးရွာများအဆင့်အထိ ခေတ်စားလာခဲ့ပါသည်။

ပြီးခဲ့သည့်နှစ်တွင် တစ်တောင်ကျော်ရှည်သည့်ဆံပင်ကို တစ်သိန်းခွဲဈေးရှိခဲ့ပြီး၊ ယခုတွင် ဆံပင်ဝယ်သူတို့က တစ်တောင်မျှ မပြည့်သေးသည့် ဆံပင်ကိုလည်း ၄င်းဈေးနှုန်းအတိုင်း ဝယ်ယူနေကြောင်း သိရပါသည်။